# အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ
# နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး (၁)
# ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်



- နိုင်ငံတော်ကို အဖက်ဖက်က ပြည့်စုံကောင်းမွန်အောင် နိုင်ငံတော်အစိုးရက တည်ဆောက်နေသည့် နေရာတွင် ကျန်းမာကြံ့ခိုင်ပြီး ပညာရည်မြင့်မားသော လူ့စွမ်းအား အရင်းအမြစ် များစွာလိုအပ်ပါကြောင်း၊ ကျန်းမာကြံ့ခိုင်ခြင်းဆိုသည့် နေရာတွင် အဓိကအကျဆုံးမှာ ကျန်းမာခြင်းပင်ဖြစ်ကြောင်း၊
- မြန်မာနိုင်ငံလူဦးရေ၏ (၇၀)ရာခိုင်နှုန်းမှာ ကျေးလက်ဒေသတွင် နေထိုင်ကြသူများ ဖြစ်ကြကြောင်း၊ ကျေးလက်ကျန်းမာရေး လုပ်ငန်းများကို များများမြှင့်တင် ပေးနိုင်မှသာ တစ်နိုင်ငံလုံး လွှမ်းခြုံမှု အဆင့်အတန်းလည်း ပို၍ မြင့်မားလာမှာ ဖြစ်ပါကြောင်း၊
- ကျေးလက်ကျန်းမာရေးကို မြှင့်တင်ပေးရန်အတွက် ကျန်းမာရေးပညာပေးသည့် အပိုင်းကဏ္ဍများ ယခုထက်ပို၍ တိုးချဲ့ဆောင်ရွက်ပေးရန် လိုအပ်ကြောင်း၊ သတင်းစာ၊ တီဗွီ၊ ရေဒီယိုစသော Media များ အသုံးချပြီး ပညာပေးမှုအပြင် ကွင်းဆင်း၍ ဟောပြောခြင်း၊ ဆွေးနွေးပညာပေးခြင်းလုပ်ငန်းများ ပိုမိုဆောင်ရွက်ရန် လိုအပ်ကြောင်း၊

# ကျန်းမာရေးဝန်ကြီးဌာန၊ ဝန်ကြီး ပါမောက္ခဒေါက်တာကျော်မြင့်၏

# ဥယျောဇဉ်



ကျန်းမာရေးအဆင့်အတန်း မြင့်မားတိုးတက်ခြင်းသည် ပြည်သူလူထုအတွက် သုခအပေါင်းနှင့် ပြည့်စုံသည်သာမက နိုင်ငံတော်၏ ဘက်စုံ ဖွံ့ဖြိုး တိုးတက်မှုကို ရှေ့ရှုနေကြောင်း သိရှိသည်နှင့်အညီ နိုင်ငံတော်အစိုးရသည် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကြီး တည်ဆောက်လျက်ရှိရာတွင် "တစ်မျိုးသားလုံး၏ ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး" ဟူသည့် လူမှုရေး ဦးတည်ချက် တစ်ရပ် ချမှတ်ထားရှိပါသည်။ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်လမ်းညွှန်မှုနှင့်အညီ ပြည်သူလူထု တစ်ရပ်လုံး၏ ကျန်းမာရေးအဆင့်အတန်း တိုးတက်မြင့်မားရေးအတွက် ကြိုးပမ်းဆောင်ရွက်ရာတွင် ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ပြည်သူလူထု ရောဂါဘယကင်းရှင်းပြီး သက်တမ်းစေ့နေထိုင်ရေးဟူသည့် ရည်မှန်းချက်ကို ဖြည့်ဆည်း ပေါက်မြောက်အောင် ဆောင်ရွက်နိုင်ခဲ့ပါသည်။

နိုင်ငံနှင့်အဝှမ်း အေးချမ်းတည်ငြိမ်မှု ရှိလာသည်နှင့်အညီ ဝန်ကြီးဌာန အနေဖြင့် ဝေးလံခက်ခဲသော ဒေသများအထိ ကျန်းမာရေးစောင့်ရှောက်မှုများကို တိုးချဲ့ဆောင်ရွက်နိုင်ခဲ့ပါသည်။ လျင်မြန်စွာ တိုးတက်ဖြစ်ပေါ်လျက်ရှိသော ကမ္ဘာအနှံ့ဆက်စပ်မှုဖြစ်စဉ်၊ ကုန်သွယ်မှုလွတ်လပ်ခြင်းနှင့် ယင်းဖြစ်စဉ်တို့၏ အကျိုးဆက်များအရ ကျွန်ုပ်တို့အနေဖြင့် နယ်နိမိတ် ကန့်သတ်ခြားနားမှုမရှိသော ကမ္ဘာကြီးပေါ်တွင် တစ်ပေါင်းတစ်စည်းတည်းအတူ ပေါင်းစည်းနေထိုင်နေရသကဲ့သို့ရှိနေပါသည်။ နိုင်ငံတကာ ကျန်းမာရေးနယ်ပယ်တွင် ပေးအပ်ခဲ့သော ကတိကဝတ်နှင့် သန္နိဋ္ဌာန်များကို တန်ဖိုးထား လေးစားသည့်အနေဖြင့် မြန်မာနိုင်ငံသည် ပေါင်းစု ရင်ဆိုင်တွေ့ကြုံလျက်ရှိသည့် ပြည်သူ့ကျန်းမာရေးပြဿနာများနှင့် ကူးစက်ရောဂါများကို တိုက်ဖျက်ရန် အတွက် နိုင်ငံတကာနှင့် ဒေသဆိုင်ရာ ကျန်းမာရေးလှုပ်ရှားမှုများတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်လျက်ရှိပါသည်။

ဤစာစောင်သည် မြန်မာ့ကျန်းမာရေးစောင့်ရှောက်မှုစနစ်နှင့် ပြည်သူလူထု၏ ကျန်းမာရေးအဆင့် မြှင့်တင်နိုင်ရေးဟူသည့် မြင့်မြတ်သည့် ဦးတည်ချက်ကို ပြည့်မီရရှိရေးအတွက် ကြိုးပမ်းဆောင်ရွက်ရာတွင် ရရှိသည့် အောင်မြင်မှုများကို အကျဉ်းချုံးဖော်ပြထားပါသည်။

အကျိုးတူ ပူးပေါင်းဆောင်ရွက်မှုနှင့် သက်ဆိုင်သူအားလုံး၏ ပူးပေါင်းဆောင်ရွက်မှုဖြင့်သာ အမြင့်မားဆုံးသော ကျန်းမာရေးအဆင့်ကို ရရှိနိုင်မည်ဆိုသည်ကို သိရှိသဘောပေါက်သည့် အားလျော်စွာ မြန်မာနိုင်ငံသည် ပြည်တွင်းနှင့် နိုင်ငံတကာမှ လက်တွဲဖော်များနှင့် ဆက်လက်ပူးပေါင်း ဆောင်ရွက်သွားမည် ဖြစ်ပါသည်။



**ပါမောက္ခဒေါက်တာကျော်မြင့်**
**ကျန်းမာရေးဝန်ကြီးဌာန**